# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃၂)

## နိုင်ငံရေး လမ်းကြောင်း နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ လူ့အဖွဲ့အစည်းက အုတ်မြစ်ချ တည်ဆောက်ခြင်တဲ့ နိုင်ငံရေးဦး တည်ချက်ကိုဥပဒေနဲ့ လက်တွေ့ပုံဖေါ်ထားတဲ့အရာလို့လည်း ပြောနိုင်တယ်။ ဒါကြောင့် တိုင်းပြည်မှာရှိတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေ၊ လူထုတွေ လျှောက်လှမ်းသင့်တဲ့ နိုင်ငံရေးလမ်းကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆက်စပ် စဉ်းစါးဘို့ လိုအပ်တာဖြစ်တယ်။

အိန္ဒိယနိုင်ငံဟာ ကမ္ဘာမှာ အံ့သြဘွယ်အကောင်းဆုံး နိုင်ငံကြီးတွေထဲမှာ တနိုင်ငံဖြစ်တယ်လို့ ပြောရမှာပါဘဲ။ ဘာသာရေးအရ ပြောရရင် တကမ္ဘာလုံးမှာ အရေအတွက်အများဆုံး၊ လူမျိုးအရ ပြောရရင် တကမ္ဘာလုံးမှာ အစုံလင်ဆုံး၊ လူမှုရေး ဇာတ်စနစ်အရပြောရရင် တကမ္ဘာလုံးမှာ အကွဲပြားဆုံး ဖြစ်လို့ပါဘဲ။ ဒါပေမယ့် အိန္ဒိယရဲ့ နိုင်ငံရေး လမ်းကြောင်းကတော့ ရှင်းလွန်းလှတယ်လို့ ပြောရပေလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီမိုကရေစီ နိုင်ငံရေးစနစ်ကို ဥပဒေစိုးမိုးရေး အခြေခံနဲ့ စနစ်တကျ ကျင့်သုံးနိုင်လို့ ဖြစ်ပါတယ်။ ဒါကြောင့်လဲ ဒီနိုင်ငံရေးလမ်းကြောင်းကို ဖေါ်ဆောင်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက အိန္ဒိယနိုင်ငံရဲ့ လက်ရှိ တိုးတက်အောင်မြင်မှုတွေကို မွေးဖွားပေးနိုင်ခဲ့ပါတယ်။

တရုပ်ပြည်မှာ ၁၉၅၆ နှင့် ၁၉၇၆ ခုနှစ် ကြားကာလတွေအတွင်းမှာ နိုင်ငံရေး အတွေးအခေါ် အယူအဆ တိုက်ပွဲတွေ ပြင်းထန်ခဲ့တယ်။ ၁၉၇၆ ခုနှစ်နောက်ပိုင်းမှာ ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ မော်စီတုန်း ခေါင်းဆောင်တဲ့ လူတန်းစားတိုက်ပွဲကို အဓိကထားရေး အယူအဆက ရှုံးနိမ့်သွားပြီး တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန် ဦးဆောင်တဲ့ ငြိမ်းချမ်းရေးနှင့် ခေတ်မှီတိုးတက်ရေး အယူအဆက အနိုင်ရသွားတဲ့အခါမှာ တရုပ်ပြည်အတွက် နိုင်ငံရေး လမ်းကြောင်းဟာ ရှင်းသွားတယ်လို့ ပြောရမှာဖြစ်ပါတယ်။ တရုပ်ပြည်ရဲ့ ၁၉၈၂ ခုနှစ်လက်ရှိ ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ ဒီ နိုင်ငံရေးလမ်းကြောင်းနောက်ခံကနေ ပေါ်ပေါက်လာတာ ပါဘဲ။

ထိုင်းနိုင်ငံမှာ အထူးသဖြင့် ၁၉၇၆ ခုနှစ်ကျောင်းသားလှုပ်ရှားမှုကြီး နောက်ပိုင်းမှာ ဒီမိုကရေစီစနစ်ကို အခြေခံတဲ့ နိုင်ငံရေး လမ်းကြောင်းဟာ တစတစ ပေါ်လွင်ထင်ရှားလာပါတယ်။ နောက်ပိုင်း ဈေးကွက်စီးပွားရေးကို စနစ်တကျ ကျင့်သုံးလာတဲ့ အခါမှာတော့ ဥပဒေ စိုးမိုးရေးအခြေခံတွေကို မလိုက်နာမဖြစ် လိုက်နာကျင့်သုံးလာ ရပါတယ်။ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဆိုရင် ဒီမိုကရေစီ၊ ဥပဒေစိုးမိုးရေး၊ အစိုးရအာဏာကို ကန့်သတ်ထိမ်းချုပ်ရေး၊ လူထုအသင်းအဖွဲ့တွေ အားကောင်းကောင်း ရပ်တည်လှုပ်ရှားနိုင်ရေးဆိုတဲ့ အခြေခံတွေကို ထင်ဟပ် ပြဋ္ဌာန်းနိုင်ခဲ့တယ်။ ထိုင်းနိုင်ငံရဲ့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း ဒီ အခြေခံတွေကို ဆက်လက် ထင်ဟပ်ထားတယ်လို့ ပြောနိုင်ပါတယ်။ လက်ရှိအချိန်မှာ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဘို့ ကြိုးပမ်းချက်တွေရှိပေမယ့် အဲဒါတွေဟာ အစိုးရအပေါ် ထိမ်းချုပ်ထားမှုတွေ လျော့ကျရေးသာ ဖြစ်တယ်။ ပင်မ နိုင်ငံရေး လမ်းကြောင်းကြီးကို ထိပါးဘို့ မဟုတ်ဘူးဆိုတာကို သတိပြုစေလိုပါတယ်။

မျက်မှောက် မြန်မာနိုင်ငံမှာတော့ လူထုအတွက်ရွေးချယ်စရာ ရှင်းလင်းတဲ့ နိုင်ငံရေး လမ်းကြောင်းနှစ်ရပ်သာ ရှိပါတော့တယ်။ ကာကွယ်ရေးဦး စီးချုပ်အမှူးပြုတဲ့ စစ်ဗိုလ်တစုက ဦးဆောင်တဲ့ နိုင်ငံရေးလမ်းကြောင်းကို အသိအမှတ် ပြုလက်ခံသွားမလား။ ဒီလိုဆိုရင် နအဖရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့အရ လက်ခံ ကျင့်သုံး သွားကြရုံဘဲ ဖြစ်ပါတယ်။

နအဖဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အရေးကြီးမှုကို ကောင်းကောင်းသဘောပေါက်တယ်။ အာဏာသက်ဆိုးရှည်ခြင်တယ်ဆိုရင် သူတို့လိုခြင်တာတွေကို အာမခံချက်ပေးထားမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ရှိဘို့ လိုတယ်ဆိုတာကို အသေအချာနားလည်တယ်။ မဖြစ်ဖြစ်အောင်ကို ထည့်သွင်းပြဋ္ဌာန်းတယ်။ ဇွတ် အတင်းအတည်ပြုတယ်။ နယ်မြေ၊ ရုပ်ဝတ္ထု၊ ဘဏ္ဍာရေး စသည်တို့အရ အထက်စီးရတဲ့ အခြေအနေတွေကို ကိုင်စွဲပြီး သူတို့လျှောက်ခြင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ လမ်းကြောင်းကို လျှောက်ဖြစ်အောင်လျှောက်တယ်။

ဒီမိုကရေစီရေး ဦးတည်ချက်နဲ့ လူမျိုးစုတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေအတွက် တိုက်ပွဲဝင်နေကြတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေအတွင်းမှာ ဖြစ်စေ၊ တိုင်းရင်းသား အဖွဲ့အစည်းတွေ အတွင်းမှာ ဖြစ်စေ၊ လူ့အခွင့်အရေး၊ မိမိတို့ကိုယ်စါးပြုတဲ့ လူ့အလွှာတွေရဲ့အရေး၊ ဥပဒေစိုးမိုးရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ် စောင့်ရှောက်ရေးအစရှိတဲ့ ရေးရာကိစ္စတွေရဲ့ အခြေအနေတွေ တိုးမြှင့်လာအောင် လှုပ်ရှားလုပ်ဆောင်နေကြတဲ့လူထု အဖွဲ့အစည်းတွေ အတွင်းမှာဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးမှု၊ လေ့လာမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တရပ်ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်မှုတွေ ရှိနေတာ အသေ

အချာပါဘဲ။ အဲဒီ စွမ်းဆောင်မှုတွေကို အသိအမှတ်ပြု၊ တန်ဘိုးထားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် တစိုက်မတ်မတ် မရှိသေးဘူး။ ထင်းထင်းကြီး ပေါ်မနေသေးဘူး။ လူတန်းစါး၊ လူ့အလွှာတွေ အားလုံးအကြားကို တိုးမဝင်နိုင်သေးဘူး။ နိုင်ငံရေးပါတီတွေ၊ လူထုအသင်းအဖွဲ့တွေ အားလုံးအကြားမှာ မပျံ့နှံ့သေးဘူး။ နအဖ တပ်မတော်သားတွေရဲ့ သဘောထားတွေကို မရယူနိုင်သေးဘူး။ ပြည်ထောင်စုနိုင်ငံ တဝှမ်းလုံးကိုမလွှမ်းခြုံနိုင်သေးဘူး။ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ပေါ်လာရေး ကြိုးပမ်းမှုဟာ နအဖ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်နိုင်ရေးအတွက် ပုံသဏ္ဍာန်မျိုးစုံနဲ့ လုပ်ဆောင်နေတဲ့ လှုပ်ရှားမှု အသီးသီးအကြားမှာ တိမ်မြုပ်နေသလို ဖြစ်နေတယ်။ အားပျော့တဲ့ လှုပ်ရှားမှု တရပ်သာ ဖြစ်နေသေးတယ်။

ဒီလို ဘာကြောင့်ဖြစ်နေတာလဲ။ အကြောင်း အမျိုးမျိုးကြောင့် ဆိုတာကိုအောက်ပါအတိုင်းသုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်။

၁။ ဥပဒေဆိုတဲ့ စကားလုံးကို ကြားလိုက်ရရင် ကိုယ့်အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ အရာအဖြစ်ထက် ကိုယ့်ကို ဖိနှိပ်တဲ့ကိရိယာ အဖြစ်နဲ့ သာ လူထုအများစုကြီးက နားလည်နေဆဲ ရှိသေးတယ်။ ဒီလို ဖြစ်လာတာကို စစ်အာဏာစတင်သိမ်းခဲ့တဲ့ ၁၉၆၂ ခုနှစ်ကနေရေတွက်ရင် ရာစုနှစ်တဝက်နီးပါးကြာခဲ့ပြီ။ ဒီတော့အကျိုးဆက်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ လူထုရဲ့စိတ်ဝင်စါးမှုဟာ နည်းပါးလွန်းနေသေးတယ်။

၂။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေး ဆိုတာဟာ တိုင်းပြည်ကို အကောင်းဘက်ကို ဦးတည်ပြောင်းလဲနိုင်ဘို့ မြှော်မှန်းချက်နဲ့ ချမှတ်ထားတဲ့ နည်းနာသာဖြစ်ပါတယ်။ နည်းနာဆိုတာ ပြောင်းလွယ်ပြင်လွယ်ရှိရမှာပါ။ နည်းနာတခုထဲ မဖြစ်သင့် နည်းနာပေါင်းမြောက်များစွာလဲ ရှိဘို့လိုမှာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေး ဆိုတာကို ထပ်ခါတလဲလဲ အပ်ကြောင်းထပ်အောင် တင်ပြလာရင်း အသေဆုပ် ကိုင်ထားရမယ့် ရည်မှန်းချက်ကြီး တရပ်လို ဖြစ်လာတယ်။ မပြောင်းရဲ မပြင်ရဲ ဖြစ်လာတယ်။ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးအဖြေရှာရေး ဆိုတာကို ထိခိုက်စေမယ့် အရာမှန်သမျှကို မလုပ်ရဲ မကိုင်ရဲလို ဖြစ်လာတယ်။ အကျိုးဆက် အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် မွေးဖွားပေးနိုင်ရေးကို ထီးထီးမားမားဦးဆောင်ဘို့ (သို့မဟုတ်) ထိထိရောက်ရောက် ဆက်စပ်ဆောင်ရွက်ဘို့ ကြိုးပမ်းမှုတွေ ရှိမလာခဲ့ဘူး။

၃။ တချို့နိုင်ငံရေး အင်အားစုတွေကလဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာကို တိုင်းပြည်အာဏာသိမ်းပြီးမှ လုပ်ရမယ့် အရာတခုလို မှတ်ယူတာတွေရှိတယ်။ အခုဘာမှ ကြိုပြီးလုပ်နေစရာမလို၊ နိုင်ငံရေးအာဏာရပြီးလို့ ကောက်ရေးလိုက်ရရင် ဘာမှမကြာလှဘဲ ပြီးသွားမှာဘဲ လို့ ခပ်လွယ်လွယ်သဘောထားတာတွေ ရှိနေခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတွေကို မလေ့လာကြဘူး။ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ်ပေါ် ပေါက်လာရေးအတွက် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှုတွေ မလုပ်ကြဘူး။

၄။ နအဖက သူကျင်းပနေတဲ့ အမျိုးသားညီလာခံကလွဲလို့ အခြားနိုင်ငံရေးပါတီ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေက၊ လုပ်ဆောင်လာနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာ၊ ပြင်ဆင်၊ ရေးဆွဲမှုမှန်သမျှကို အတိအကျ ပိတ်ပင်ကန့်သတ်တဲ့ ဥပဒေအမှတ် ၅/၉၆ ကို ပြဌာန်းခဲ့တယ်။ အဲဒီ ဥပဒေလောက် မတရားတာ ဘယ်မှာ ရှိတော့မှာလဲ။ ဒါပေမယ့် လူထုရဲ့ ဆန့်ကျင်တိုက်ပွဲဝင်မှုတွေ အားမကောင်းခဲ့ဘူး။ ၅/၉၆ ကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ခြင်း မရှိခဲ့ဘဲ သူ့ရဲ့ချုပ်နှောင်မှုအောက်မှာ ငြိမ်ဝပ်စွာနေခဲ့တဲ့ အကျိုးဆက်အနေနဲ့ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ပေါ်လာရေး ကြိုးပမ်းမှုကို ဘယ်လိုမှ မဖော်ဆောင်နိုင်ခဲ့ဘူး။

အထက်ပါ အချက်လေးရပ်ကို ချုပ်လိုက်ရင် မကောင်းတဲ့ရလာဒ်အဖြစ် နအဖဟာ သူ့ရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဇွတ်အတင်း အတည်ပြုနိုင်ခဲ့တယ် ဆိုတာကို တွေ့ရပေလိမ့်မယ်။

အခုအချိန်မှာတော့ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့အရ လက်ခံရေး၊ လက်မခံရေးဆိုတာကို ပြည်တွင်းမှာ ရပ်တည်လှုပ်ရှားနေကြတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေရော၊ လူထုပါ ပြတ်ပြတ်သားသား စဉ်းစါး ကြရတော့မှာ ဖြစ်ပါတယ်။ ကာကွယ်ရေးဦး စီးချုပ်အမှူးပြုတဲ့ စစ်ဗိုလ်တစုက ဦးဆောင်တဲ့ နိုင်ငံရေးလမ်းကြောင်းကို လက်မခံနိုင်ဘူးဆိုရင်တော့ လူထုရဲ့ အချုပ်အခြာအာဏာကို အဓိကထားတဲ့ နိုင်ငံရေး လမ်းကြောင်းကို ဖော်ဆောင်မယ့် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ်ကို မွေးထုတ်ဘို့ကြိုးစါးရုံဘဲ ရှိပါတယ်။

နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့အရ လက်မခံဘူး၊ ဆန့်ကျင်တိုက်ပွဲဝင်မယ် ဆိုရင် ပထမဆုံးကြုံတွေ့ရမယ့် အခက်အခဲကတော့ နအဖ ဥပဒေအောက်မှာ ရပ်တည်လှုပ်ရှားခွင့်ရနေကြတဲ့ နိုင်ငံရေးပါတီတွေ ဖျက်သိမ်းခံရမယ့် အရေးဖြစ်ပါတယ်။ ပါတီ ဖျက်သိမ်းခံရခြင် ခံရပါစေ၊ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့အရ ဆန့်ကျင်တိုက်ပွဲ ဝင်ကို ဝင်မယ် ဆိုရင်တော့ အခုကထဲက တဗိုလ်ကျ တဗိုလ်တက် တိုက်ပွဲဝင်မယ့် ပါတီခေါင်းဆောင်မှုတွေ အဆင့်ဆင့်ကို ပြင်ထားဘို့ လိုကောင်းလိုမှာပါ။

ပါတီ တည်ရှိနေရေးဟာ အရေးကြီးတယ်ဆိုပြီး ပါတီရပ်တည်မှုကို အဓိကထားစဉ်းစါးမှုတွေကို လည်း လေ့လာရပါတယ်။ ဒါဟာ အဓိကထားသင့်တယ် ဆိုတာကို လက်ခံပါတယ်။ ဒါပေမယ့် နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ကန့်ကွက်တိုက်ပွဲဝင်တာတွေမလုပ်ဘဲ ငြိမ်ငြိမ်ကလေးနေမယ်ဆိုရင်ရော၊ ပါတီဖျက်သိမ်းမခံရဘဲ နေလို့ရနိုင်မလားဆိုတာကို သုံးသပ်ရမှာဖြစ်ပါတယ်။ အဲဒီ စဉ်းစါးချက်ဟာ လက်တွေ့အရ မဖြစ်နိုင်ဘူးလို့ ထောက်ပြရမှာပါ။ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ပြဌာန်းချက်တွေနဲ့ ကိုက်ညီတဲ့ပါတီ မဟုတ်ဘူးဆိုရင်တော့ ပါတီဖျက်သိမ်းခံရမှာ စိုးလို့ဘာမှ မလုပ်ဘဲ ငြိမ်ငြိမ်ကလေး နေမယ်ဆိုရင်တောင်မှ ဖျက်သိမ်းခံရမယ့် ဘဝကနေ လွတ်သွားမှာ မဟုတ်ဘူးလို့ တင်ပြလိုပါတယ်။

နအဖ ဖွဲ့စည်းပုံကို လက်မခံဆန့်ကျင်တိုက်ပွဲဝင်ရင် အခက်အခဲတွေ မြောက်များစွာ ကြုံတွေ့နိုင်ပါတယ်။ ဒါပေမယ့် နအဖ ဖွဲ့စည်းပုံကို လက်ခံပြီး မျှောလိုက်သွားရင်တော့ ဆီပူနဲ့ အကြော်ခံရမှာစိုးလို့ မီးပုံထဲကို ခုံချလိုက်တဲ့ ငါးဘဝနဲ့ မျိုးနဲ့သာ တူမှာဖြစ်ပါတယ်။ တကယ်တော့ ဆီပူနဲ့ အကြော်မခံရအောင် ခုံချရမယ့် လမ်းကြောင်းဟာ မီးပုံမဟုတ်၊ ရေချောင်းထဲကိုသာဖြစ်ပါတယ်။ အဲဒီ ရေချောင်းကတော့ ပြည်သူလူထုရဲ့အခွင့်အရေးတွေကို အာမခံချက်ပေးပြီး အစိုးရရဲ့ လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်မယ့် လူထုဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်နဲ့ လူထုအစိုးရတရပ် ပေါ်ပေါက်လာရေး လမ်းကြောင်းသာ ဖြစ်တဲ့အကြောင်းတင်ပြလိုက်ပါရစေ။